မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


**အမှတ် ၁၄ ]** ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် ( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သော **"တွင်းထွက်သယံဇာတအရင်းအမြစ်တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ"** တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၈/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁၂) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးမန်းမောင်မောင်ဉာဏ်

(၂) ဦးငွန်မောင်း

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၉/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၃ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသဖြင့် တိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၀/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူအား ဧရာဝတီတိုင်းဒေသကြီး လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၂/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် ခုံရုံး အဖွဲ့ဝင်များအဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးမြသိန်း<br>(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်၊<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်) | ဥက္ကဋ္ဌ |
| (၂) | ဦးမြင့်ဝင်း | အဖွဲ့ဝင် |
| (၃) | ဦးသန်းကျော် | အဖွဲ့ဝင် |
| (၄) | ဒေါ်လှမျိုးနွယ် | အဖွဲ့ဝင် |
| (၅) | ဦးမြသိန်း<br>(တရားလွှတ်တော်ရှေ့နေ) | အဖွဲ့ဝင် |

(၆) ဦးမြင့်လွင် အဖွဲ့ဝင်

(၇) ဦးတင်မြင့် အဖွဲ့ဝင်

(၈) ဒေါ်ကျင်စန်း အဖွဲ့ဝင်

(၉) ဦးမျိုးချစ် အဖွဲ့ဝင်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

**မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ ဖွဲ့စည်းရန် တာဝန်ပေးအပ်ခြင်း**

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့အရ အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စသည့် အင်အားစုများ၏ ပူးပေါင်းပါဝင်မှုကို ရယူ၍ ပြည်သူတို့၏ လူမှုစီးပွားရေးနှင့်နေထိုင်မှုအဆင့်အတန်း မြင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ရန် အောက်ပါကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်သည် -

(က) ဒေသခံပြည်သူများနှင့် လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းအသီးသီးမှ အများဆန္ဒဖြင့် ညှိနှိုင်းရွေးချယ်သည့် ပုဂ္ဂိုလ်များ အပါအဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦးတို့ ပါဝင်သော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ဖွဲ့စည်းခြင်း။

(ခ) ဒေသခံပြည်သူများ၊ မြို့မိမြို့ဖကိုယ်စားလှယ်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်သူများပါဝင်သည့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဖွဲ့စည်းနိုင်ရန် စည်ပင်သာယာရေးဥပဒေသစ် ပြင်ဆင်ရေးဆွဲ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်း။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အထောက်အကူပြု၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ဖွဲ့စည်းခြင်း။

၂။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီတို့ကို ဖွဲ့စည်းရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ အပြီး တစ်ပြေးညီဖွဲ့စည်းရန်ဖြစ်သည်။

၃။ မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်းပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့် အနည်းဆုံး တစ်လလျှင် တစ်ကြိမ် တွေ့ဆုံဆွေးနွေးညှိနှိုင်း အကြံဉာဏ်ရယူ၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆောင်ရွက်နိုင်ရေး တာဝန်ပေးရမည်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့်ကိစ္စရပ်များကို အထက်အဆင့်ဆင့်သို့ တင်ပြစေရမည်။

**မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ**

၄။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအား အနည်းဆုံး ၇ ဦးမှ အများဆုံး ၉ ဦး အထိ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ကော်မတီဝင်ပုဂ္ဂိုလ်များ၏အများဆန္ဒအရ ရွေးချယ်တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | မြို့မိမြို့ဖနှင့် ရပ်ကွက်ကျေးရွာအုပ်စုကိုယ်စားလှယ်များမှ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူ | အဖွဲ့ဝင် |
| (ဂ) | လူမှုအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးအသင်းအဖွဲ့ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | အလုပ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | မြို့မိမြို့ဖ၊ လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်များမှ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

၅။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားရေး တိုးတက်မှုအတွက် အကျိုးဆောင်ခြင်း၊ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များအား ဝိုင်းဝန်းဆွေးနွေး အဖြေရှာခြင်း၊ ရပ်မိရပ်ဖဒေသခံများနှင့်ပူးပေါင်း၍ မြို့ပြကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) မြို့နယ်ဌာနဆိုင်ရာများအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို မထိခိုက်စေဘဲ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးလိုအပ်ချက်တို့ကို ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်း။

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စုမှ ပြည်သူများ၊ လူထုလူတန်းစားအလွှာအသီးသီးမှ တင်ပြလာသည့် လူမှုစီးပွားရေးတိုးတက်ရန် လိုအပ်ချက်များနှင့် မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဖြေရှင်းဆောင်ရွက်ခြင်း။

(ဃ) မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရေးဆွဲရာ၌ လိုအပ်ချက်များ ဆွေးနွေးအကြံပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာများရှိပါက လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု ရှိ/မရှိ စိစစ်ရာ၌ ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း။

(င) မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍ၏စွမ်းဆောင်မှုသည် အဓိကဖြစ်သည့်အတွက် စီးပွားရေးကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရန် တီထွင်ကြံဆပူးပေါင်းဆောင်ရွက်ခြင်း၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများ၊ စီးပွားရေးအသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးမြှင့်တင် ပူးပေါင်းဆောင်ရွက်ခြင်း။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကော်မတီအတွင်း ညှိနှိုင်း၍ ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို အကြံပြုညှိနှိုင်းဆောင်ရွက်ခြင်း။

(ဆ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဇ) မြို့နယ်အတွင်း၌ နိုင်ငံတကာအထောက်အပံ့ဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင် ပြည်သူများ၏ လူမှုအကျိုးစီးပွားကို ထိရောက်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဈ) မြို့နယ်အတွင်းရှိ ပြည်သူများ၏ အမှန်တကယ်နစ်နာဆုံးရှုံးမှုများ ရှိလာပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ၍ ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ပေးခြင်း။

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု အရွယ်အစားနှင့် ကျေးရွာခွဲများ တည်ရှိမှုအပေါ် မူတည်ပြီး အနည်းဆုံး ၅ ဦးမှ အများဆုံး ၇ ဦးအထိ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| (က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သူ | ဥက္ကဋ္ဌ |
| (ခ) ကျေးရွာခွဲများရှိလျှင် ကျေးရွာသားများက အများဆန္ဒဖြင့် အကြီးအမှူးအဖြစ် ရွေးချယ်တင်မြှောက်ထားသူများ | အဖွဲ့ဝင် |
| (ဂ) ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများမှ အများဆန္ဒဖြင့် ရွေးချယ်သည့်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက အများဆန္ဒဖြင့် ရွေးချယ်ခြင်းခံရသည့်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) အဖွဲ့ဝင်များက မိမိတို့ထဲမှ အများဆန္ဒဖြင့်ရွေးချယ်သူ | အတွင်းရေးမှူး |
| (စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး | တွဲဖက်အတွင်းရေးမှူး |

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုကူညီခြင်း၊ အကြံဉာဏ်ပြုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူများ၏လူမှုစီးပွားရေးလိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးပြီး ကျေးရွာအဆင့်ဖြင့်ဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို စုပေါင်းဆောင်ရွက်ခြင်း။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့်ကိစ္စများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တင်ပြခြင်း။

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း။

(င) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သောက်သုံးရေ၊ စိုက်ပျိုးရေများ ခန်းခြောက်ရှားပါးခြင်း မရှိစေရေးအတွက် သီးနှံသစ်တောရောနှောစိုက်ခင်း၊ ထင်းစိုက်ခင်းထူထောင်ရန် လိုအပ်သည့်ကျေးရွာအုပ်စုများ၌ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ အကြံပြုတင်ပြခြင်း။

(စ) လူတိုင်း စာတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် ဘွဲ့ရပညာတတ်များ တိုးပွားအောင်ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးအသိပညာဖြန့်ဖြူးပြီး ကြံ့ခိုင်ကျန်းမာသည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ခြင်း၊ မျိုးဆက်သစ်လူငယ်များအား စာပေယဉ်ကျေးမှုဓလေ့ထုံးစံများ လေးစားလိုက်နာထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ခြင်း။

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေပြည်သူများ တရားဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ပြုမူကျင့်ကြံနေထိုင်နိုင်စေရန် စည်းရုံးပညာပေးခြင်းနှင့် လက်တွေ့ပါဝင်ဆောင်ရွက်ခြင်း။

၈။ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာမြို့နယ်ရှိ အများပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ရွေးချယ်ခံကိုယ်စားလှယ်များဖြစ်သည့်အတွက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ယင်းကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက် အကြံဉာဏ်များကို ရယူဆောင်ရွက်ရန်ဖြစ်သည်။ လိုအပ်ပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့်အတူ ဖိတ်ကြားတက်ရောက်စေပြီး အကြံဉာဏ်ရယူဆောင်ရွက်ရန်ဖြစ်သည်။

၉။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ကို ဖိတ်ကြား၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ လမ်းတံတား၊ ရေ၊ မီး၊ အခြေခံအဆောက်အအုံများအား အစိုးရဘဏ္ဍာငွေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ ဆောင်ရွက်မည့်အစီအစဉ်များကို ချပြဆွေးနွေး ညှိနှိုင်းအကြံဉာဏ် ရယူရမည်။ ယင်းကော်မတီများသည် အများပြည်သူသိရှိစေရန် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများအား ထပ်ဆင့်ဖိတ်ကြားရှင်းလင်းပြောကြားပြီးနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ ထပ်မံညှိနှိုင်းအကြံပြုရန်ရှိက အပြန်အလှန်ဆွေးနွေးညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်သွားစေရန် စီမံရမည်။

၁၀။ အထက်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ညှိနှိုင်းဆွေးနွေးရာတွင်လည်းကောင်း အဓိပ္ပာယ်ကောက်ယူရာ၌ အောက်ပါအချက်တို့ကို ထိခိုက်မှုမရှိစေရန် အလေးထားလိုက်နာရန်ဖြစ်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ။

(ခ) အစိုးရဌာနဆိုင်ရာအသီးသီးနှင့် ဌာနဆိုင်ရာအကြီးအမှူးများသို့ ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာများ။

(ဂ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးတို့နှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံတော်၏မူများနှင့် ဆောင်ရွက်မှုများ။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် )

### ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူတို့၏ဝန်ဆောင်မှုလုပ်ငန်းများအား သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူဗဟိုပြု ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပြီး မြန်ဆန် သွက်လက်သည့် အုပ်ချုပ်ရေးယန္တရားဖြင့် လူမှုစီးပွားရေး သိသိသာသာတိုးတက်စေရေးတို့အတွက် အောက်ဖော်ပြပါ **"ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့"** ကို ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ခေါင်းဆောင်
သမ္မတရုံးဝန်ကြီးဌာန (၅)

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

(င) ဦးကိုကိုလှိုင် — အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
နိုင်ငံတော်သမ္မတ၏နိုင်ငံရေးအကြံပေးအဖွဲ့

(စ) ဒေါက်တာအောင်ထွန်းသက် — အဖွဲ့ဝင်
ကောင်စီဝင်
အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(ဆ) ဒေါက်တာဇော်ဦး — အဖွဲ့ဝင်
ကောင်စီဝင်
အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(ဇ) ဦးတင်မောင်သန်း အဖွဲ့ဝင်
မြန်မာ့ဖွံ့ဖြိုးမှုအရင်းအမြစ်အဖွဲ့ (MDRI)

(ဈ) ဦးဇော်မင်းဝင်း အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ည) ဦးကျော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
ပြည်ထဲရေးဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အတွင်းရေးမှူး
သမ္မတရုံးဝန်ကြီးဌာန (၁)

(ဌ) ဦးဇော်သန်းသင်း တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၂။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) နိုင်ငံတော်၏စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်သို့ ပြုပြင်ပြောင်းလဲတည်ဆောက်ရာ၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ခေတ်ကာလနှင့် လိုက်လျောညီထွေမဖြစ်တော့သော လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်အကဲဖြတ်၍ ပြုပြင်ဆောင်ရွက်သင့်သည်များကို နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြရန်၊

(ခ) ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာ၌ လူမှုရေးနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်သူများထံမှ အစိုးရဌာန၊ အဖွဲ့အစည်းများက ဝန်ဆောင်မှုပြုပေးနေသောလုပ်ငန်းများ၌ အဆင်ပြေချောမွေ့မှု ရှိ မရှိ ပြည်သူ့အသံ၊ ဆန္ဒနှင့် မြေပြင်သတင်းရယူ၍ဆောင်ရွက်သင့်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) ကုန်သွယ်မှုမြင့်မားတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းအဆင့်များ၊ နှောင့်နှေးကြန့်ကြာမှုများနှင့် မလိုအပ်သောငွေကြေးအပိုကုန်ကျမှုများ စိစစ်အကဲဖြတ်၍ ပြုပြင်သင့်သည့်အချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး ပြုပြင်ဆောင်ရွက်ရန်၊

(ဃ) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့ရေး စိစစ်အကဲဖြတ်၍ပြုပြင်သင့်သည့်အချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေး ပြုပြင်ဆောင်ရွက်ရန်၊

(င) ပြည်တွင်းမှ ပြည်ပသို့ သွားရောက်ကြသည့် နိုင်ငံသားများ၊ ပြည်ပမှ စီးပွားရေးနှင့် ခရီးသွားလာရေးဝင်ရောက်လာကြသည့် နိုင်ငံခြားသားများ၏ ပတ်စပို့၊ ဗီဇာ၊ ဝင်/ထွက်စစ်ဆေးမှုစနစ်များအဆင်ပြေချောမွေ့ခြင်း ရှိ မရှိ စိစစ်အကဲဖြတ် ညှိနှိုင်းဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံတွင် လာရောက်၍ ရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းပြည်ပကုမ္ပဏီဖွင့်သူများ၊ အဖွဲ့အစည်း မှတ်ပုံတင်လျှောက်ထားမှုများ အဆင်ပြေမှု ရှိ မရှိ အကဲဖြတ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) ပြည်သူများ၏ လူမှုစီးပွားရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးနေသော အစိုးရဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းများ လျင်မြန်ချောမွေ့ခြင်း ရှိ မရှိ စိစစ်အကဲဖြတ်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးကာ ပြုပြင်သင့်သည်များကို နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြရန်၊

(ဇ) နိုင်ငံတော်၏စီးပွားရေးနှင့် ပြည်သူတို့၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျပြီး လျင်မြန်စွာ အကျိုးကျေးဇူးရှိစေနိုင်မည့်လုပ်ငန်းကဏ္ဍ၊ နယ်ပယ်များ၏ မူဝါဒ၊ လုပ်ငန်းစဉ်၊ စီးပွားရေးတွက်ခြေကိုက်မှုနှင့် အကျိုးရလဒ်များ အကဲဖြတ်၍ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များကို ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးအကြံဉာဏ်ရယူ၍ နိုင်ငံတော်သမ္မတထံ အကြံပြုတင်ပြရန်၊

(ဈ) အစိုးရဌာန၊ အဖွဲ့အစည်းများ၏ပြည်သူနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်နေရသည့် ဌာနများ၏ ရုံးလုပ်ငန်းစနစ်၌ အဆင့်များခြင်း၊ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ လျင်မြန်သွက်လက်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု လက်အောက်သို့ တာဝန်ခွဲဝေဆောင်ရွက်စေမှုနှင့် စွမ်းဆောင်ရည် ထိရောက်ထက်မြက်မှုရှိရေးတို့ကို အကဲဖြတ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) ကဏ္ဍအလိုက် ပြုပြင်မည့် လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်မည့် အစီအမံများကို အဖြေပေါ်သည်အထိ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် အသေးစိတ်ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတထံ တင်ပြရန်၊

(ဋ) လုပ်ငန်းအဆင့်များ လျှော့ချခြင်း၊ အချိန်ကြန့်ကြာမှု လျှော့ချခြင်း၊ မလိုအပ်သောငွေကြေးအပိုကုန်ကျမှု လျှော့ချခြင်းတို့ကို ဆောင်ရွက်ရာ၌ လုပ်ငန်းပမာဏနှင့် လိုက်လျောညီထွေရှိမည့် ဖွဲ့စည်းပုံပြင်ဆင်ခြင်း၊ အီလက်ထရောနစ်ဆက်သွယ်ရေးနည်းပညာနှင့် စက်ကိရိယာလိုအပ်ချက်၊ ပြုပြင်ဆောင်ရွက်သင့်သည်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြစီမံပေးရန်၊

(ဌ) လုပ်ငန်းကဏ္ဍ၊ နယ်ပယ်အလိုက် ထပ်မံလိုအပ်မည့် အဖွဲ့ငယ်များကို လိုအပ်သလို ထပ်မံဖြည့်တင်းဖွဲ့စည်း၍ လျင်မြန်ထိရောက်အောင် စီမံရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၄ ရက် )

**လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၂) ဖြင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ဖွဲ့စည်းခဲ့သည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ အဖွဲ့ဝင် ဦးစိုင်းသီဟကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မိုင်းရယ်မဲဆန္ဒနယ်အား ၎င်း၏ဆန္ဒအလျောက် ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ခင်အောင်မြင့်
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၉ ရက် )

**နိုင်ငံ့ဝန်ထမ်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော နိုင်ငံ့ဝန်ထမ်းဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# နိုင်ငံ့ဝန်ထမ်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅။ )

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နိုင်ငံ့ဝန်ထမ်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **ဝန်ထမ်းဖွဲ့စည်းပုံ**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်း၏ ဖွဲ့စည်းပုံကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်း၍ ဖွဲ့စည်းသော ဝန်ထမ်းအဖွဲ့အစည်း၏ ဖွဲ့စည်းပုံကိုလည်းကောင်း ဆိုသည်။

(ဂ) **ဝန်ထမ်းအဖွဲ့အစည်း**ဆိုသည်မှာ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**ဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံရသူကို ဆိုသည်။

(င) **ဝန်ထမ်း**ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်း ခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ တပ်မတော်သား များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မပါဝင်။

(စ) **ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော် ကောင်စီရုံးနှင့် စည်ပင်သာယာရေးကော်မတီရုံးများလည်း ပါဝင်သည်။

(ဆ) **ရာထူးအနွယ်ပိုင်ဆိုင်ခွင့်**ဆိုသည်မှာ ဖွဲ့စည်းပုံပါ လစ်လပ်သော အမြဲတမ်းရာထူး၌ အတည်ပြု ခန့်အပ်ပိုင်ဆိုင်ခွင့်ရရှိခြင်းကို ဆိုသည်။

(ဇ) **စတင်ခန့်ရာထူး**ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် စတင် ဝင်ရောက်ရမည့် ရာထူးအဆင့်ကို ဆိုသည်။

(ဈ) **ရာထူးဝန်အဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ဝန်ထမ်းအဖွဲ့အစည်းများ

၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။ လိုအပ်သော ဝန်ထမ်းများကိုလည်း ခန့်အပ်နိုင်သည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတာဝန်ယူ အကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သောဝန်ထမ်းများကို ခန့်အပ် နိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လိုအပ်သော မူဝါဒများ ချမှတ်ခြင်း၊ ဖွဲ့စည်းပုံအတည်ပြုခြင်း၊ ရာထူးဝန်အဖွဲ့၏ ထောက်ခံအကြံပြုချက်ကို ရယူပြီး ဝန်ထမ်း များ၏ ရာထူးအဆင့်များနှင့် ချိန်နှုန်းလစာများကို သတ်မှတ်ခြင်း၊ ဝန်ထမ်းများကို ကျွမ်းကျင်မှု၊ အတတ် ပညာနှင့် လုပ်ငန်းသဘာဝတို့အရ ဝန်ထမ်းအမျိုးအစား စုစည်းဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းများကို အခါ အားလျော်စွာ ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။

## အခန်း (၃)
## ရွေးချယ်ခန့်ထားခြင်း

၆။ နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၇။ ဝန်ထမ်းရွေးချယ်ခန့်ထားရေးကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ချက်များနှင့်အညီ -

(က) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် စတင်ခန့်ရာထူးအဆင့်အတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည်။

(ခ) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ပုဒ်မခွဲ (က) အရ ခန့်ထားသော ရာထူးအဆင့်မှတစ်ပါး အခြားစတင်ခန့်ရာထူးအဆင့်အတွက် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်။

၈။ (က) ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်။

(ခ) ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ (က) အရ ညှိနှိုင်းလာသည့်အပေါ် စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဝန်ထမ်းအဖွဲ့အစည်းများသည် ဝန်ထမ်းအမျိုးအစားအလိုက် အစမ်းခန့်ကာလနှင့် စည်းကမ်းချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို သတ်မှတ်နိုင်သည်။

## အခန်း (၄)
## တာဝန်နှင့်အခွင့်အရေးများ

**တာဝန်များ**

၁၀။ ဝန်ထမ်းသည် အောက်ပါတို့ကို လိုက်နာရန် တာဝန်ရှိသည် -

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) မိမိအား ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(စ) ဤဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဆ) ပါတီနိုင်ငံရေး ကင်းရှင်းခြင်း၊

(ဇ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသောသင်တန်းများကို တက်ရောက်ခြင်း၊

(ဈ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

(ည) တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဋ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဌ) ပြည်သူကို ရိုသေလေးစားခြင်း။

**အခွင့်အရေးများ**

၁၁။ ဝန်ထမ်းသည် အောက်ပါအခြေခံအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) အလုပ်တည်မြဲခွင့်၊

(ခ) လုပ်ငန်းခွင်အာမခံချက်ရခွင့်၊

(ဂ) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊

(ဃ) ရာထူးတိုးမြှင့်ခွင့်၊

(င) ပညာလေ့လာဆည်းပူးခွင့်၊

(စ) ခွင့်ခံစားခွင့်၊

(ဆ) ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

(ဇ) ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊

(ဈ) အငြိမ်းစားယူခွင့်၊

(ည) တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊

(ဋ) အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသောအလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာအကျိုးခံစားခွင့်၊

(ဌ) ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

(ဍ) ဝန်ထမ်းရေးရာခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံခွင့်၊

(ဎ) ရာထူးအနွယ်ပိုင်ဆိုင်ခွင့်၊

(ဏ) ကူးပြောင်းချိန်ခံစားခွင့်၊

(တ) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊

(ထ) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊

(ဒ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာသတ်မှတ်သော အခြားခံစားခွင့်။

## အခန်း (၅)

## လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့်အခြားစရိတ်များ

၁၂။ ဝန်ထမ်းသည် တူညီသောအလုပ်အတွက် တူညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

၁၃။ ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

## အခန်း (၆)
## ခွင့်ခံစားခြင်း

**ခွင့်အမျိုးအစားများ**

၁၄။ ဝန်ထမ်းသည် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောက်ပါခွင့်များကို ခံစားခွင့်ရှိသည် -

(က) ရှောင်တခင်ခွင့်၊

(ခ) ကူးစက်ရောဂါကာကွယ်ခွင့်၊

(ဂ) လုပ်သက်ခွင့်၊

(ဃ) ဆေးလက်မှတ်ခွင့်၊

(င) လစာမဲ့ခွင့်၊

(စ) မီးဖွားခွင့်၊

(ဆ) အထူးမသန်စွမ်းခွင့်၊

(ဇ) ဆေးရုံခွင့်၊

(ဈ) သဘော်သားနာမကျန်းခွင့်၊

(ည) ပညာလေ့လာဆည်းပူးခွင့်။

**ခွင့်နှင့်စပ်လျဉ်းသည့်သတ်မှတ်ချက်များ**

၁၅။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်။

၁၆။ အစမ်းခန့်ဝန်ထမ်းသည် ရာထူးတွင် အတည်ပြုခန့်ထားပြီးဖြစ်သည့် ဝန်ထမ်းတစ်ဦးကဲ့သို့ ခွင့်ခံစားခွင့် ရှိသည်။

၁၇။ ဝန်ထမ်းသည် ခွင့်ကို အခွင့်အရေးတစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့် မရှိစေရ။

၁၈။ ခွင့်ပေးပိုင်ခွင့်ရှိသူသည် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဝန်ထမ်းတစ်ဦး တောင်းခံသည့်ခွင့်ကို ငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသောခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစားနေသောဝန်ထမ်းအား ပြန်လည်ခေါ်ယူခြင်း ပြုနိုင်သည်။ ယင်းသို့ ပြန်လည်ခေါ်ယူခြင်းခံရသောဝန်ထမ်းအား တာဝန်ထမ်းဆောင်ရန် စတင်ခရီးထွက်ခွာ သည့်နေ့မှစ၍ တာဝန်ချိန်အဖြစ် သတ်မှတ်ပေးရမည့်အပြင် ခွင့်ခံစားသည့်ဒေသမှ ရုံးစိုက်ရာဌာနသို့ လာခြင်းအတွက် ခရီးစရိတ်ခံစားခွင့်ပြုရမည်။

၁၉။ ခွင့်ခံစားနေသည့်ဝန်ထမ်းသည် ခွင့်ကာလအတွင်း၌ ဝင်ငွေရရှိသည့် အလုပ်တစ်ခုခုတွင် ဝင်ရောက် တာဝန်ထမ်းဆောင်ခြင်း မပြုရ။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ခံစားနေသည့် ဝန်ထမ်းသည် ဝင်ငွေ ရရှိသည့်လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိခဲ့စေကာမူ ယင်း၏အငြိမ်းစားယူခွင့် လျှောက်ထား ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့် မရှိစေရ။

၂၀။ ခွင့်ခံစားနေသည့်ဝန်ထမ်းသည် မိမိကို ခွင့်ပြုထားသည့် ခွင့်ကာလမကုန်ဆုံးမီ အလုပ်ခွင်သို့ ပြန်လည် ဝင်ရောက်လိုပါက သက်ဆိုင်ရာခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဝင်ရောက်နိုင်သည်။

၂၁။ ဝန်ထမ်းသည် ခွင့်ကာလကုန်ဆုံးသော်လည်း အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်းမရှိပါက ကျော်လွန်သည့်ကာလအတွက် ခွင့်လစာခံစားခွင့်မရှိ၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ခွင့်ရက်ကျော်လွန်ခြင်း ဖြစ်ပါက ယင်းဝန်ထမ်းအား စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူနိုင်သည်။

၂၂။ ဝန်ထမ်းသည် တရားဝင်ခံစားပိုင်ခွင့်ရှိသော လုပ်သက်ခွင့်ကို အငြိမ်းစားယူရမည့် အသက်ပြည့်သည့် နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားနိုင်သည်။ အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့်ကို အချိန်မီတောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူအကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့်ခွင့်ကာလကို အငြိမ်းစားယူရမည့်နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်။

## အခန်း (၇)
## ရာထူးတိုးမြှင့်ခြင်း

### အရည်အချင်းသတ်မှတ်ခြင်း

၂၃။ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် အနည်းဆုံး လိုအပ်သော ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်နှင့် လုပ်သက်တို့သည် ဝန်ထမ်းအဖွဲ့အစည်းအလိုက် ရာထူးအမျိုး အစားကို မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၂၄။ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု အရည် အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့်ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်သည်ဟု ယုံကြည် ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

### အရည်အချင်းအကဲဖြတ်ခြင်း

၂၅။ ဝန်ထမ်းသည် ရာထူးတိုးမြှင့်ခန့်ထားခံရနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်မှုကို ခံယူရမည်။

၂၆။ အရည်အချင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးအကဲဖြတ်ချက်အရ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းက ရေးဆွဲအတည်ပြုထားသည့် တန်းစီဇယားတွင် ပါဝင်သောဝန်ထမ်းများသည် သတ်မှတ်ချက်များနှင့် ညီညွတ် ပါက ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

၂၇။ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာ လစ်လပ်သဖြင့် ဌာနတွင်းမှဝန်ထမ်းများကို ရာထူး တိုးမြှင့်ခန့်ထားရန် လိုအပ်သည့်အခါ ဝန်ထမ်းအဖွဲ့အစည်းများသည် သတ်မှတ်ချက်နှင့်အညီ မိမိတို့ အတည်ပြုရေးဆွဲထားသော တန်းစီဇယားအတွင်းမှ ဝန်ထမ်းများကို ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ သဘောတူညီချက်ရယူရမည်။

၂၈။ ဌာနပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော်လည်း ဝန်ထမ်းဖွဲ့စည်းပုံအင်အားတွင်ရှိနေသော ဝန်ထမ်း များအား ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် အရည်အချင်းစိစစ်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည်။

၂၉။ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသောသင်တန်း တက်ရောက်ပြီးသူများကို ရာထူးတိုးမြှင့်ပေးရာတွင် ဦးစားပေးစဉ်းစားရမည်။

### ရာထူးတိုးမြှင့်ခံစားခွင့်မရှိခြင်း

၃၀။ ဝန်ထမ်းတစ်ဦးသည် ရာထူးတိုးမြှင့်ပေးရန် သတ်မှတ်ထားသောအရည်အချင်းများ ပြည့်စုံစေကာမူ -

(က) စာဖြင့်သတိပေးခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ သတိပေးခြင်းခံရသည့်နေ့မှ ခြောက်လအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊ ပြစ်ဒဏ်ခံရလျှင် ယင်းသို့ နှစ်တိုးလစာရပ်ဆိုင်းသည့်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဂ) တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကျွမ်းကျင်မှုမရှိ၍ဖြစ်စေ ပျက်စီးဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုတန်ဖိုးအပြည့်အဝကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးလျော်ရသောကိစ္စမျိုးတွင် ဆုံးရှုံးမှုတန်ဖိုးကို ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်သည့်နေ့မှစ၍ တစ်နှစ် သို့မဟုတ် အကျေပေးလျော်ပြီးသည့်နေ့၊ ထိုနေ့နှစ်ခုတို့အနက် စောရာနေ့အထိ ရာထူးတိုးမြှင့်မပေးရ။

(ဃ) ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် အကျုံးဝင်သောပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း လက်ရှိရာထူးတွင် ဆက်လက်တည်ရှိနေသည့်အခါ ယင်းသို့ ပြစ်ဒဏ်စီရင်ခြင်းခံရသည့်နေ့မှ တစ်နှစ်အတွင်း ရာထူးတိုးမြှင့်မပေးရ။

(င) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်းခံရလျှင် မူလလစာအဆင့်သို့ ပြန်လည်မရောက်မချင်း ရာထူးတိုးမြှင့်မပေးရ။

(စ) ဌာနဆိုင်ရာစစ်ဆေးခြင်းခံနေရစဉ်အတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဆ) အပြစ်ကြောင့် ရာထူးလျှော့ချခြင်းခံရပါက ယင်းရာထူးလျှော့ချသည့် အမိန့်ပါ သတ်မှတ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဇ) ရာထူးတစ်ခုတွင် အစမ်းခန့်ထားခြင်းခံရစဉ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဈ) တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်းခံရစဉ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

## အခန်း (၈)
## ချီးမြှင့်ခြင်း

၃၁။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သောဝန်ထမ်းအား သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်း၊ ကြိုတင်နှစ်တိုးလစာချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၂။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ပုဒ်မ ၃၁ ပါ အကြောင်းများအရ ဝန်ထမ်းအား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံတင်ပြနိုင်သည်။

၃၃။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ချိန်နှုန်းလစာရာထူးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းအား ချီးမြှင့်သည့်အနေဖြင့် အချိန်မစေ့မီ ကြိုတင်နှစ်တိုးကို တစ်ဆင့်ဖြစ်စေ၊ တစ်ဆင့်ထက်ပို၍ဖြစ်စေ ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၄။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် အောက်ပါအချက်များကို အခြေခံပြီး ကိစ္စတစ်ခုချင်းအလိုက် စိစစ်၍ ပြန်တမ်းဝင်အရာရှိများအား ကြိုတင်နှစ်တိုးခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ရာထူးဝန်အဖွဲ့သို့လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိအောက်အဆင့်ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံသို့လည်းကောင်း အဆိုပြုတင်ပြ၍ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ရမည် -

(က) ရာထူးအတွက် သာမန်အားဖြင့် လိုအပ်သောအရည်အချင်းထက် ထူးကဲသာလွန်သော အရည်အချင်းနှင့် အတွေ့အကြုံများ ဆည်းပူးရရှိထားသည့်ပုဂ္ဂိုလ်ကို ဝန်ထမ်းအဖြစ် စတင်ခန့်အပ်သည့်အခါ ကနဦးလစာတိုးမြှင့်သတ်မှတ်ပေးသင့်သည့်ကိစ္စဖြစ်ခြင်း၊

(ခ) လက်ရှိရာထူး၌ ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုအတွက် ဝန်ထမ်းကို ချီးမြှင့်ထိုက်သည့်ကိစ္စဖြစ်ခြင်း၊

(ဂ) အခြားလုံလောက်သော အကြောင်းထူးတစ်ခုခုကြောင့် ဝန်ထမ်းကို ကြိုတင်နှစ်တိုးပေးသင့်သည့်ကိစ္စဖြစ်ခြင်း။

## အခန်း (၉)
## လေ့ကျင့်ပညာပေးခြင်း

၃၅။ ရာထူးဝန်အဖွဲ့က သတ်မှတ်တာဝန်ပေးထားသော အဖွဲ့အစည်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် ဝန်ထမ်းများနှင့် ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးခြင်း၊ ဝန်ထမ်းများအတွက် ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသည့် မွမ်းမံသင်တန်းများပေးခြင်းနှင့် ဆွေးနွေးပွဲများကျင်းပခြင်းတို့ကိုလည်းကောင်း၊ ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာပညာရပ်များ သုတေသနပြုခြင်းကိုလည်းကောင်း ရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၃၆။ ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်စေရန် အထောက်အကူပြုမည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုနှင့် အထွေထွေပညာမြင့်မားမှုတို့အတွက် လေ့ကျင့်ပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဝန်ထမ်းအဖွဲ့အစည်းအလိုက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## စည်းကမ်းထိန်းသိမ်းရေး
## ဝန်ထမ်းကျင့်ဝတ်နှင့်လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာရခြင်း

၃၇။ ဝန်ထမ်းသည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်။

**ဌာနဆိုင်ရာအရေးယူခြင်း**

၃၈။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည်။

၃၉။ ဝန်ထမ်းသည် တရားရုံး၏ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်းကျူးလွန်သည့်ပြစ်မှုနှင့် ချမှတ်သည့်ပြစ်ဒဏ်တို့အား ထောက်ရှု၍ ထိုဝန်ထမ်းကို စီမံခန့်ခွဲမှုဆိုင်ရာလိုအပ်ချက်အရ ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။

၄၀။ ဝန်ထမ်းအား တရားစွဲဆိုသောအမှုနှင့်စပ်လျဉ်း၍ တရားရုံးက စွဲချက်မတင်မီ လွှတ်ခြင်း သို့မဟုတ် အပြီးပြတ်လွှတ်ခြင်း အမိန့်တစ်စုံတစ်ရာချမှတ်စေကာမူ ယင်းတရားစွဲဆိုသောအမှုသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းခြင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ် တာဝန်ပျက်ကွက်ခြင်း သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းနှင့် အကျုံးဝင်သည့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ယင်းဝန်ထမ်းကို ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။

၄၁။ ဝန်ထမ်း၌ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့်ကိစ္စတွင် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့် ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

**တာဝန်မှယာယီရပ်ဆိုင်းခြင်း**

၄၂။ ဝန်ထမ်းကို ဌာနဆိုင်ရာအရေးယူရာတွင် ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း သို့မဟုတ် ဌာနဆိုင်ရာစစ်ဆေးမှု ဖွင့်၍ စစ်ဆေးကြားနာခြင်းတို့ ဆောင်ရွက်နေစဉ် ယင်းဝန်ထမ်းအား တာဝန်မှယာယီရပ်ဆိုင်းထားနိုင်သည်။ တာဝန်မှယာယီရပ်ဆိုင်းထားသည့် ဝန်ထမ်းအား သတ်မှတ်ချက်များနှင့်အညီ စားစရိတ်ထောက်ပံ့ကြေးနှင့် အခြားရခွင့်ရှိသည့် စရိတ်ကြေးငွေများကို ခံစားခွင့်ပြုရမည်။

**ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း**

၄၃။ ဝန်ထမ်းအား လိုအပ်ချက်အရ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင် -

(က) ရှေးဦးစုံစမ်းမှုခံရသည့် ဝန်ထမ်း၏အဆင့်ကို မူတည်၍ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ရှေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို ထုတ်ပြန်ပြီး ယင်းအမိန့်တွင် ရှေးဦးစုံစမ်းရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလတို့ကို သတ်မှတ်ရမည်။

(ခ) ရှေးဦးစုံစမ်းရေးအဖွဲ့သည် ရှေးဦးစုံစမ်းမှုအမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များနှင့် အခြားအထောက်အထားများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်။

(ဂ) ရှေးဦးစုံစမ်းရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များ ပါရှိသည့် အစီရင်ခံစာကို ယင်းအဖွဲ့အား ဖွဲ့စည်းပေးသော သက်ဆိုင်ရာအကြီးအမှူးထံ တင်ပြရမည်။

၄၄။ စုံစမ်းခြင်းခံရသည့်ဝန်ထမ်းကို ရှင်းလင်းချေပခွင့်ပေး၍ ယင်း၏ရှေ့၌ သက်သေများကို စစ်ဆေးရမည့် အပြင် ပြန်လှန်မေးခွန်းများကိုလည်း မေးမြန်းခွင့်ပြုရမည်။

**ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ခြင်း**

၄၅။ ရှေးဦးစုံစမ်းမှုတွေ့ရှိချက်များအရ ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက ဆောလျင်စွာ စစ်ဆေး ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူထံ ထောက်ခံတင်ပြရမည်။

၄၆။ ဝန်ထမ်းအား ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ရာတွင် ဌာနဆိုင်ရာစစ်ဆေးမှုခံရသည့် ဝန်ထမ်း၏ အဆင့်ကို မူတည်၍ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကို ထုတ်ပြန်ပြီး ယင်းအမိန့်တွင် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလတို့ကို သတ်မှတ်ရမည်။

၄၇။ ဝန်ထမ်းက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌကိုလည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးကိုလည်းကောင်း ကန့်ကွက်နိုင်သည်။

၄၈။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့သည် -

(က) ဌာနဆိုင်ရာစစ်ဆေးမှု အမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာစာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များ၊ အခြားအထောက်အထားများနှင့် စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်။

(ခ) ဌာနဆိုင်ရာစစ်ဆေးခြင်းခံရသည့် ဝန်ထမ်းကို ရှေးဦးစွာစွဲချက်တင်၍ စွဲချက်လွှာကို ဝန်ထမ်းထံ ပေးပို့ပြီး အချိန်လုံလောက်စွာပေး၍ ချေပလွှာတင်ပြခွင့်ပေးရမည်။

(ဂ) ဝန်ထမ်း၏ ချေပလွှာကို လက်ခံရရှိသည့်အခါ သက်သေများကို စစ်ဆေး၍ သက်သေထွက်ဆိုချက်များအား စနစ်တကျမှတ်တမ်းတင်ရမည်။ ဌာနဆိုင်ရာစစ်ဆေးခြင်းခံရသည့် ဝန်ထမ်းကိုယ်တိုင်လာရောက်၍ ထုချေဖြေရှင်းထွက်ဆိုလိုပါက ခွင့်ပြုရမည်။ ယင်းသို့ ဝန်ထမ်းကိုယ်တိုင်လာရောက်၍ ထုချေဖြေရှင်းသည့်အခါ ဝန်ထမ်းက တောင်းဆိုလျှင် ယင်းကို ကူညီရန် ရှေ့နေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံ တင်ပြရမည်။

(င) ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတွင် အမှုအကြောင်းအရာအကျဉ်းချုပ်၊ စွဲချက်၊ စစ်ဆေးတွေ့ရှိချက်၊ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်တို့ကို ဖော်ပြရမည်။

၄၉။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ချမှတ်သည့်အမိန့်ကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၁။ စည်းကမ်းထိန်းသိမ်းရေး ထိရောက်လျင်မြန်စေရန်နှင့် လုပ်ငန်းတာဝန်လစ်ဟင်းမှုမရှိစေရန်အလို့ငှာ ဌာနဆိုင်ရာစစ်ဆေးမှုများကို ကြန့်ကြာခြင်းမရှိစေဘဲ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၅၂။ ဌာနဆိုင်ရာစစ်ဆေးမှုပြီးဆုံးသည့်အခါ ဝန်ထမ်းတွင် အပြစ်မရှိကြောင်း တွေ့ရှိပါက စစ်ဆေးမှုခံခဲ့ရခြင်းကြောင့် ယင်းဝန်ထမ်း၏ဝန်ထမ်းရေးရာအခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးရမည်။

## အခန်း (၁၁)

## ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်းနှင့်အယူခံခြင်း

**ပြစ်ဒဏ်များ**

၅၃။ ဌာနဆိုင်ရာအရေးယူမှုများတွင် အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချမှတ်နိုင်သည် -

(က) စာဖြင့်သတိပေးခြင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊

(င) ရာထူးအဆင့်လျှော့ချခြင်း၊

(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆုံးရှုံးမှုတန်ဖိုး အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးလျော်စေခြင်း၊

(ဆ) တာဝန်မှယာယီရပ်ဆိုင်းခဲ့သည့်ကာလအတွက် လစာအပြည့်ခံစားခွင့်မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း။

၅၄။ ဝန်ထမ်းအား ပြစ်ဒဏ်ချမှတ်သည့်အခါ -

(က) ပညာပေးပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းမှုထိရောက်ရေးတို့ကို ဦးတည်ချက်ထားရမည်။

(ခ) ပြစ်မှုနှင့်ပြစ်ဒဏ် လိုက်လျောညီထွေရှိစေရမည်။

၅၅။ ဝန်ထမ်းသည် ဌာနဆိုင်ရာအရေးယူမှုတွင် ချမှတ်သည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အယူခံခွင့်ရှိစေရမည်။

## အခန်း (၁၂)
## အငြိမ်းစားယူခြင်း

**ပင်စင်အမျိုးအစားများ**

၅၆။ ဝန်ထမ်းသည် အောက်ပါ ပင်စင်အမျိုးအစားများအနက်မှ တစ်မျိုးမျိုးကို ခံစားခွင့်ရှိသည် -

(က) သက်ပြည့်ပင်စင်၊

(ခ) နှစ်ပြည့်ပင်စင်၊

(ဂ) နာမကျန်းပင်စင်၊

(ဃ) လျော်ကြေးပင်စင်၊

(င) အထူးပင်စင်၊

(စ) မိသားစုပင်စင်၊

(ဆ) လျှော့ပေါ့ပင်စင်။

၅၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့်ကိစ္စမှတစ်ပါး ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သောအခါ အငြိမ်းစားယူရမည်။ ထိုသို့ အငြိမ်းစားယူရသည့်အခါ ဝန်ထမ်းသည် သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့်ရှိစေရမည်။

၅၈။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။ သတ်မှတ်လုပ်သက်မပြည့်သေးသည့် ဝန်ထမ်းကို အငြိမ်းစားယူရန် လိုအပ်သည့်ကိစ္စရပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဤကိစ္စအလို့ငှာ တာဝန်လွှဲအပ်ထားသည့် အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် ပင်စင်ခံစားခွင့်ပြုနိုင်သည်။

၅၉။ ဝန်ထမ်းသည် မကျန်းမာ၍ တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သည့်အခါတွင် သတ်မှတ်ထားသော ဆေးအဖွဲ့၏ ထောက်ခံချက်ဖြင့် နာမကျန်းပင်စင် ခံစားခွင့်ရှိစေရမည်။

၆၀။ ရာထူးတစ်ခုကို ဖျက်သိမ်းလိုက်သည့်အခါ ထိုရာထူး၌ ခန့်ထားသည့်ဝန်ထမ်းကို အခြားရာထူးတစ်ခုသို့ ပြောင်းရွှေ့နေရာချထားခြင်းမပြုနိုင်ပါက လျော်ကြေးပင်စင် ခံစားခွင့်ပြုရမည်။

၆၁။ ဝန်ထမ်းသည် တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိသည့်အခါတွင်ဖြစ်စေ၊ ထိခိုက်အနာတရဖြစ်သည့်အခါတွင်ဖြစ်စေ၊ မသန်စွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ အထူးပင်စင် ခံစားခွင့်ရှိစေရမည်။

၆၂။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက် နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်တောင်းခံလာပါက ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ။

၆၃။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သော ဝန်ထမ်းသည် လုပ်သက် နှစ် ၂၀ ကျော်လွန်လျှင်သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၂၅ နှစ်ကျော်လွန်လျှင်သော်လည်းကောင်း လျှော့ပေါ့ပင်စင် ခံစားခွင့်တောင်းခံနိုင်သည်။

၆၄။ ဝန်ထမ်းတစ်ဦးသည် အသက်ပြည့်၍ အငြိမ်းစားယူခြင်း၊ သတ်မှတ်ထားသော လုပ်သက်နှစ်ပြည့်၍ အငြိမ်းစားယူခြင်း၊ နာမကျန်းပင်စင်ယူခြင်း၊ လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခု ဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်။

**အငြိမ်းစားယူခြင်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များ**

၆၅။ လျော်ကြေးပင်စင် သို့မဟုတ် နာမကျန်းပင်စင်ယူပြီးနောက် ဝန်ထမ်းအဖြစ် ပြန်လည်ခန့်ထားခြင်း ခံရသူသည် လုပ်သက်ဆုငွေကို ပြန်လည်အမ်းလျှင် သို့မဟုတ် ပင်စင်လစာကို ပြန်ခန့်ချိန်၌ ရပ်ဆိုင်းထားလျှင် ထိုဝန်ထမ်း ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကိုလည်းကောင်း၊ ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရပြီးနောက် ပြစ်ဒဏ်ပြန်လည်သုံးသပ်ခြင်းကြောင့်ဖြစ်စေ၊ ဝန်ထမ်းက အယူခံ၍ဖြစ်စေ ပြန်လည်ခန့်ထားခြင်းခံရပါက ထိုဝန်ထမ်း၏ ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကို လည်းကောင်း ပင်စင်ကိစ္စအလို့ငှာ ထည့်သွင်းရေတွက်ခွင့်ပြုနိုင်သည်။

၆၆။ ဝန်ထမ်းတစ်ဦးသည် တာဝန်မှယာယီရပ်ဆိုင်းထားစဉ် အငြိမ်းစားယူရမည့် အသက်ပြည့်စေကာမူ စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အပြီးသတ်အမိန့်မချမှတ်ရသေးမီ ယင်းဝန်ထမ်းအား အငြိမ်းစားယူခွင့်မပြုရ။

၆၇။ လုပ်သက်ဆုငွေကို လုပ်သက်နှစ်အလိုက် ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ လုပ်သက်နှစ်အပေါ် ခံစားခွင့်ရှိသည်။

၆၈။ ပင်စင်ခံစားခွင့်ကို လုပ်သက်နှစ်အလိုက် ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ ခံစားခွင့် ရှိသည်။

၆၉။ ဝန်ထမ်းက ဆန္ဒပြုပါက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများနှင့်အညီ တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ရှိသည်။

၇၀။ ဝန်ထမ်းတစ်ဦး အမှုထမ်းနေစဉ်ဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန်လျှင် ကျန်ရစ်သူ မိသားစုသည် မိသားစုပင်စင်ခံစားခွင့်ရှိစေရမည်။

## အခန်း (၁၃)
## ဝန်ထမ်းမှတ်တမ်း

၇၁။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသည်မှအစပြု၍ အငြိမ်းစားယူသည်အထိ ဝန်ထမ်းဖြစ်စဉ် ဖော်ပြသည့် ဝန်ထမ်းမှတ်တမ်းစာအုပ်ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းက ထိန်းသိမ်း ထားရှိရမည်။

၇၂။ ဝန်ထမ်းသည် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်လျှင် ယင်း၏ဝန်ထမ်းမှတ်တမ်းစာအုပ်ကို သက်ဆိုင်ရာ ဌာနက ယင်းကူးပြောင်းတာဝန်ထမ်းဆောင်သည့်ဌာနသို့ ပေးပို့ရမည်။

## အခန်း (၁၄)
## အထွေထွေ

၇၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအား ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားရာတွင် ဖြစ်စေ၊ တာဝန်ပေးအပ်ရာတွင်ဖြစ်စေ၊ အခွင့်အရေးခံစားခွင့်ပြုရာတွင်ဖြစ်စေ၊ ရာထူးတိုးမြှင့်ရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ခွဲခြားမှုမပြုရ၊ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို အဟန့်အတားမဖြစ်စေရ။

၇၄။ ဝန်ထမ်းတစ်ဦးဖြစ်ရန် ပြည့်စုံရမည့်အချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်နိုင်သည်။

၇၅။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် ဝန်ထမ်းရေးရာနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၇၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ရာထူးဝန်အဖွဲ့သည် လိုအပ်သော နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၉ ရက် )

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။ )

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး" ဆိုသည့် စကားရပ်၏နောက်၌ "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (ဂ) ၏နောက်၌ ပုဒ်မခွဲ (ဃ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊"

(ခ) ပုဒ်မ (ဃ) နှင့် (င) တို့ကို ပုဒ်မခွဲ (င) နှင့် (စ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၅ ၌ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၆ ၌ ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး" ဆိုသည့် စကားရပ်၏ နောက်တွင် "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပါရှိသော ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ နှင့် ၂၅ တို့ကို ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ တို့ဖြင့် ပြောင်းလဲအမှတ်စဉ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် )

## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ (၈-၃-၂၀၁၃) တွင် ရွှေပြည်သာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရလူငယ်များ၊ အခြေခံပညာအဆင့်လူငယ်များနှင့် နောင်နှစ်စဉ် နိုင်ငံတော်မှမွေးထုတ်ပေးမည့် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ ဖြေကြားခြင်းများ

**ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်) ၏ နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရလူငယ်များ၊ အခြေခံပညာအဆင့်လူငယ်များနှင့် နောင်နှစ်စဉ် နိုင်ငံတော်မှမွေးထုတ်ပေးမည့် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းချက်**

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ ပြည်သူတွေ မျှော်လင့်နေတဲ့ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံတော်ရဲ့ လူဦးရေသန်း ၆၀ ကို အခြေခံပြီးတော့ ဖြစ်ပေါ်လာတဲ့ ယောကျ်ားဦးရေအရေအတွက် အမျိုးသမီးဦးရေအရေအတွက် ဒီကနေမှ ကျွန်တော်တို့ မူလတန်းတက်နေတဲ့ကလေးတွေ၊ အလယ်တန်းတက်နေတဲ့လူငယ်တွေ၊ တက္ကသိုလ်တက်နေတဲ့ လူငယ်တွေရဲ့အရေအတွက်တွေ ဒီကနေ ကျွန်တော်တို့ တစ်ဆက်တည်းပဲ နိုင်ငံတော်မှာ တပ်မတော်သား မပါဘဲနဲ့ အရာထမ်းအရေအတွက် အမှုထမ်းအရေအတွက် ဒီကနေမှ နိုင်ငံတော်တစ်ဝန်းမှာရှိတဲ့ စက်ရုံပေါင်း၊ အလုပ်ရုံပေါင်း၊ ဒီစက်ရုံအလုပ်ရုံမှာ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေရဲ့အရေအတွက် ပြည်ပမှာသွားပြီးတော့ လုပ်ကိုင်နေတဲ့ နိုင်ငံသားများရဲ့အရေအတွက် ဒါတွေ ကျွန်တော် ကိန်းဂဏန်းတွေကို မတင်ပြတော့ပါဘူး။ ဒါတွေကို သုံးသပ်ကြည့်မယ်ဆိုရင် နိုင်ငံအတွင်းမှာ အလုပ်လက်မဲ့ဖြစ်နေတဲ့ ပညာတတ်များစွာရှိပါတယ်။ ဒါတွေကို ပြည်သူလူထုက အလုပ်လက်မဲ့ အလုပ်အကိုင်ရရှိရေးအတွက် မျှော်လင့်နေတဲ့အချိန်ကာလ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ မှာ နိုင်ငံတော်အစိုးရဟာ အလုပ်အကိုင်ရရှိရေး အလုပ်လက်မဲ့လျော့နည်းစေဖို့အတွက် ကူညီမယ်လို့ ပါပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ အမျိုးသား စီမံကိန်းမှာ အလုပ်သမားဝန်ကြီးဌာနအနေနဲ့ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော် ရည်မှန်းချက်တစ်ရပ်အဖြစ် မပြတ်ဆောင်ရွက်ရေးဆိုပြီးတော့ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ လူငယ်များရဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရရဲ့ မျှော်မှန်းထားချက်ကို ပြည်သူလူထုကို ထင်သာမြင်သာဖြစ်အောင် ဖော်ပြပေးစေလိုပါတယ်။ ဒါကြောင့် ကျွန်တော်မေးမယ့် မေးခွန်း ကတော့ နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေတဲ့ ဘွဲ့ရပညာတတ်လူငယ်များ အခြေခံပညာအဆင့် လူငယ်များနဲ့ နောင်နှစ်စဉ် နိုင်ငံတော်ကနေ မွေးထုတ်လာမယ့် တက္ကသိုလ်အသီးသီးက ဘွဲ့ရလူငယ်တွေကို နိုင်ငံတော်အနေနဲ့ ဘယ်လိုအလုပ်အကိုင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ နှစ်တိုနှစ်ရှည်မျှော်မှန်းထားချက်များကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်) ၏ နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရလူငယ်များ၊ အခြေခံပညာအဆင့်လူငယ်များနှင့် နောင်နှစ်စဉ် နိုင်ငံတော်မှမွေးထုတ်ပေးမည့် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်စပ်လျဉ်းသည့် မေးခွန်းအား ဒေါက်တာဒေါ်ခင်စန်းရီ (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန) မှ ဖြေကြားချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး တင်သွင်းတဲ့ နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရလူငယ်များ၊ အခြေခံပညာအဆင့်လူငယ်များနှင့် နောင်နှစ်စဉ် နိုင်ငံတော်မှမွေးထုတ်ပေးမည့် တက္ကသိုလ်အသီးသီးမှ ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးမည့်အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုပါကြောင်း မေးခွန်းကို ဖြေကြားရှင်းလင်းမှာဖြစ်ပါတယ်ရှင်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများမှာ အပြန်အလှန်ဆက်စပ်နေပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေအရင်းအနှီးရှိမှု၊ နည်းပညာတိုးတက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတို့ဟာ အလွန်အရေးကြီးပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ များစွာလိုအပ်ပါတယ်။ ဒီလူ့စွမ်းအားအရင်းအမြစ်ရရှိဖို့အတွက် ပညာရေးကဏ္ဍဟာ ကာလတို၊ ကာလရှည် ရည်မှန်းချက်များနဲ့ ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာအဆင့်လူငယ်များနှင့် ဘွဲ့ရလူငယ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ကာလတွေမှာ နိုင်ငံတော်အနေနဲ့ ဘွဲ့ရများနှင့် အခြေခံပညာအဆင့်ရှိသူအရေအတွက်များများရရှိဖို့ ရည်မှန်းခဲ့ပါတယ်။ အခုအခါမှာတော့ အရည်အချင်းပြည့်ဝမှသာ အလုပ်အကိုင်ရရှိနိုင်မှာဖြစ်သလို ဝင်ငွေရရှိနိုင်မှာလည်းဖြစ်တဲ့အတွက် ပညာရေးရည်မှန်းချက်ကို Quality Education ဖြစ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ ဘွဲ့ရလူငယ်များဟာ အလုပ်အလွယ်တကူရရှိနိုင်တဲ့ အလုပ်ခန့်ထားနိုင်တဲ့ အရည်အချင်းတွေပြည့်ဝဖို့ တစ်နည်းအားဖြင့် Employable ဖြစ်ဖို့နှင့် Professional ဖြစ်ဖို့ ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိပါတယ်ရှင်။ နိုင်ငံတော်အနေနဲ့ ဘွဲ့ရလူငယ်များဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာနများမှာသော်လည်းကောင်း၊ နိုင်ငံပိုင်လုပ်ငန်းများမှာသော်လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းများမှာသော်လည်းကောင်း၊ မိမိကိုယ်ပိုင်လုပ်ငန်းလုပ်တဲ့ စွန့်ဦးတီထွင်သူများသော်လည်းကောင်း ပါဝင်လုပ်ကိုင်ကြဖို့ မျှော်မှန်းထားပါတယ်။

အရင်က အရေအတွက်ဦးစားပေးခဲ့တဲ့အတွက် အလုပ်အကိုင်အဆင်မပြေတဲ့ ဘွဲ့ရလူငယ်တွေရှိတာကြောင့် ယခုအခါမှာ တက္ကသိုလ်အသီးသီးက နောင်လာမည့်ကာလမှာ လိုအပ်မယ့် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးအခွင့်အလမ်းများပေါ် မူတည်ပြီးတော့မှ လိုအပ်ချက်အတိုင်း မွေးထုတ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဘွဲ့ရလူငယ်များကို Professionals အဆင့် အသက်မွေးဝမ်းကျောင်းပညာတစ်ခု တတ်မြောက်သူများဖြစ်လာရန်လည်းကောင်း၊ နိုင်ငံရဲ့စီးပွားရေးကို ဦးဆောင်မည့် စွန့်ဦးတီထွင် Entrepreneurs များဖြစ်လာရန်လည်းကောင်း မျှော်မှန်းချက်ထားရှိပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်ခွင်ကျွမ်းကျင်မှု၊ လုပ်ငန်းကျွမ်းကျင်မှုအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လူ့စွမ်းအားဖွံ့ဖြိုးရေးသင်တန်းမျိုး ဝန်ထမ်းအဆင့်အမျိုးမျိုးကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပါတယ်ရှင်။ မြန်မာနိုင်ငံမှာ ဘွဲ့ရလူငယ်များ၊ အခြေခံပညာအဆင့်လူငယ်များစွာရှိသော်လည်း အလုပ်ရရှိနိုင်တဲ့ ကျွမ်းကျင်မှုရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိသလို အသက်မွေးဝမ်းကျောင်းပညာရှင် စီးပွားရေးလုပ်ငန်းဦးဆောင်သူ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများသာမက အခြားအဆင့် ကျွမ်းကျင်အတတ်ပညာရှင်များနှင့် လုပ်သားများစွာ လိုအပ်နေပါ

သေးတယ်။ ဒါကြောင့် အခြေခံပညာအဆင့်လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများကို အစိုးရက ဒီအသစ်ဖွင့်လှစ်တာတွေ၊ တိုးမြှင့်ဖွင့်လှစ်တာတွေ စီစဉ်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအလိုက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် သက်ဆိုင်ရာသင်တန်းကျောင်းအမျိုးမျိုးကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ-ဆရာအတတ်သင်ကျောင်းများ၊ သူနာပြုသင်တန်းကျောင်းများ၊ စက်မှုပညာသင်တန်းကျောင်းများ၊ စာရင်းကိုင်ပညာသင်တန်းကျောင်းများ၊ ကွန်ပျူတာသင်တန်းကျောင်းများ အစရှိသည်ဖြင့် သင်တန်းအမျိုးမျိုးဖွင့်လှစ်ပြီးတော့ ကျွမ်းကျင်သူများ ပိုမိုမွေးထုတ်နိုင်ရေးလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ဖက်မှာလည်း ဒီပုဂ္ဂလိကလုပ်ငန်းရှင်တွေ UMFCCI တို့ နောက် ပုဂ္ဂလိကသင်တန်းကျောင်းတွေကိုလည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးမြေတောင်မြှောက်လျက်ရှိပါတယ်ရှင်။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှာလည်း ကျွမ်းကျင်လုပ်သားစဉ်ဆက်မပြတ်ရရှိရေး၊ စနစ်တကျလေ့ကျင့်ပေးခြင်းဖြင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်စေရေးအတွက် ကျွမ်းကျင်လေ့ကျင့်ရေးသင်တန်းကျောင်းများကို ဖွင့်လှစ်ပြီးတော့ အစိုးရ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများမှာရှိတဲ့ ဝန်ထမ်းများအား အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုသင်တန်းနှင့် သက်မွေးပညာသင်တန်းများကို သင်တန်းကြေးအခမဲ့ဖြင့် သင်ကြားပေးလျက်ရှိပြီး အလုပ်အကိုင်ရရှိရေးအတွက်ပါ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အလျောက် အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုစနစ်များဖြင့် ကျွမ်းကျင်လုပ်သားများကို ပျိုးထောင်လျက်ရှိပါတယ်။ ဒီလိုမပျိုးထောင်နိုင်ဘူးဆိုရင် ကျွန်မတို့နိုင်ငံကို တခြားကျွမ်းကျင်လုပ်သားတွေ ဝင်လာစရာအကြောင်းရှိပါတယ်။

ထို့အပြင် ကျွန်မတို့ ILO Convention 2 Concerning Unemployment အရ အလုပ်အကိုင်ရှာဖွေရေးယာယီအကျိုးဆောင်လိုင်စင်တွေကိုလည်း ပုဂ္ဂလိကအေဂျင်စီတွေကို ကျွန်မတို့ ထုတ်ပေးနေပါတယ်။ နောက်နိုင်ငံတော်ရဲ့လူဦးရေ ၆၅ ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ဖြစ်တဲ့အတွက် နိုင်ငံအနေနဲ့တော့ လူ့စွမ်းအားအရင်းအမြစ်အားသာချက်ရှိပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာ ဒီကျွမ်းကျင်မှု နောက်တစ်ခါ Professionals ဖြစ်မှုဆိုတဲ့ဟာတွေကလည်း အရမ်းအရေးကြီးနေတာဖြစ်တဲ့အတွက် ဒီအသက်အရွယ်အပိုင်းအခြားဟာ အလုပ်လုပ်နိုင်ရုံသာမက ဝင်ငွေရရှိနိုင်အောင် နောက် ပညာရှင်တွေဖြစ်အောင် ပြုစုပျိုးထောင်ရမှာဖြစ်ပါတယ်။

နိုင်ငံတော်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်း စားဝတ်နေရေးဖူလုံမှု၊ ဝင်ငွေရရှိမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမှုဟာ နိုင်ငံအတွက် လွန်စွာအရေးကြီးပါတယ်။ ဝင်ငွေရရှိရေးအတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သလို အလုပ်အကိုင်အဖြစ်၊ ဝန်ထမ်းအဖြစ်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်ပါတယ်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက် ဒီရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ဒီကျွမ်းကျင်မှုအလိုက်အလုပ်တွေရရှိနိုင်အောင် နိုင်ငံအနေနဲ့ များစွာမှအရေးကြီးတယ်လို့ယူဆပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ကိုင်တဲ့ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံသားကျွမ်းကျင်သူအလုပ်သမား အတတ်ပညာရှင်များနှင့် ဝန်ထမ်းများ ခန့်ထားရာမှာ ပထမ ၅ နှစ်ကုန်ဆုံးချိန်မှာ နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယ ၅ နှစ်ကုန်ဆုံးချိန်မှာ အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့် တတိယ ၅ နှစ်ကုန်ဆုံးချိန်မှာ ၇၅ ရာခိုင်နှုန်း ခန့်ထားရန်နှင့် ထိုသို့ခန့်ထားနိုင်ရေးအတွက် နိုင်ငံသားဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှု တိုးတက်

လာစေရေးအတွက် လေ့ကျင့်ပေးခြင်း၊ သင်တန်းပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ရန် ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရန် စတဲ့ အစီအစဉ်တွေကို ဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းထားတာတွေ ရှိပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းလာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍများသာမက ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအစီအစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အစိုးရအဖွဲ့အစည်းများတွင်သာမက ပြည်တွင်းပြည်ပ NGO နဲ့ Civil Society တွေမှာ ကျွမ်းကျင်တဲ့ဘွဲ့ရများ၊ ကျွမ်းကျင်တဲ့လုပ်သားများစွာ လိုအပ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းများ ဒေသတွင်း နိုင်ငံတကာယှဉ်ပြိုင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်း ဦးဆောင်သူများ၊ စီးပွားရေးပညာကျွမ်းကျင်သူများလည်း များစွာလိုအပ်နေပါတယ်။ ဒါကြောင့် တစ်ဖက်မှာလည်း ဘွဲ့ရလူငယ်များအနေနဲ့ အခြေခံပညာအဆင့်လူငယ်များဟာ အလုပ်အကိုင်ရရှိရေးအတွက် ဒီသက်ဆိုင်ရာလုပ်ငန်းတွေက လက်ခံနိုင်တဲ့ အရည်အချင်း၊ အရည်အသွေးပြည့်မီအောင် မိမိကိုယ်တိုင်က တက်တက်ကြွကြွ အစဉ်ကြိုးစားဖြည့်ဆည်းနိုင်ရန် လိုပါတယ်။ လူငယ်များအနေနဲ့ ခံယူချက်ကောင်းကောင်းနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်လိုတဲ့ စိတ်ဓာတ်၊ ဦးဆောင်လိုတဲ့ စိတ်ဓာတ်ကောင်းများ ရရှိရေးအတွက် ကျွန်မတို့အားလုံး ဝိုင်းဝန်းပျိုးထောင်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဒေါက်တာတင်ရွှေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (စ) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

**[ ယခင်အပတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများမှအဆက် ]**

Form-M1(i)

**Performance Report for the Fiscal Year**
**20 to 20**

**Manufacturing/Agriculture/Livestock & Fisheries**

| Serial No. | Particulars | As per Performance |
|---|---|---|
| 1 | Name of Enterprise | |
| 2 | Foreign Investment permit No. & Date<br>- Type of Business | |
| 3 | Date of signing of the contract<br>- JV Agreement<br>- Lease Agreement<br>- Others | |
| 4 | Date of Incorporation | |
| 5 | Date of Approval of other government Agencies | |
| 6 | Amount of Land Use Premium Payment, Annual Land Lease Payment etc., and the Date of payment for each installment | |
| 7 | Amount of performance Bank Guarantee & the Date of Issue / Payment | |
| 8 | Date of Construction, Renovation etc. | |
| 9 | Progress in Construction, Renovation etc., | |
| 10 | Date of commencement of Operation | |

Note

To specify:

- Licence to carry out fishery by the Fisheries Department.
- Registration at the Directorate of Regional Industrial Coordination and Industrial inspection (Industrial Enterprise)
- Others where necessary.
- License to operate as tourist enterprise by the Directorate of Hotel and Tourism.

To note:

(1) To state the reason-should implementation is not effected according to the terms conditions specified in the agreement and to the schedule in the proposal.

(2) To specify and activity other than those stated above.

11. Equity Capital Contribution

Form-M1(ii)

(Value in thousand)

| Sr. No. | | Particulars | As Per Proposal | | | 2012-2013 | | | As per performance | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | Foreign Equity | | Local Kyat | Foreign Equity | | Local Kyat | Foreign Equity | | Local Kyat |
| | | | US$ | Eq.Kyat | | US$ | Eq.Kyat | | US$ | Eq.Kyat | |
| 1 | | Authorised Capital | | | | | | | | | |
| 2 | | Paid-up Capital | | | | | | | | | |
| | 1 | Cash | | | | | | | | | |
| | 2 | Machinery and Equipment | | | | | | | | | |
| | 3 | Raw Materials | | | | | | | | | |
| | 4 | Others | | | | | | | | | |

Note- specify according to each phase of project.

- Performance as at end .................. 20 ......

12. Loan

(US$ in thousand)

| Sr. No. | | Particulars | Loan to be acquired as per proposal | Loan acquired up to end....... | Debt payment up to end....* |
|---|---|---|---|---|---|
| 1 | | Foreign | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |
| 2 | | Domestic | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |

* To specify yearly payment separately.

13. Production

Form-M1(iii)

(Value in thousand)

| Sr. No. | Particulars | 20 - 20 | |
|---|---|---|---|
| | | **Qty** | **Value** |
| 1 | Production | | |
| 2 | Export (f.o.b) in US$ (in equivalent kyat) | | |
| 3 | Local Sale in US$ (in equivalent kyat) additional Kyat (if any) | | |
| 4 | Local Sale in kyat | | |

14. Cost of Operation

(Value in thousand)

| Sr. No. | Particulars | 20 - 20 | |
|---|---|---|---|
| | | **Qty** | **Value** |
| 1 | Raw Materials | | |
| 2 | Direct Labour Costs | | |
| 3 | Administrative Cost | | |
| 4 | Factory Overhead Cost | | |
| 5 | Distribution Costs | | |
| 6 | Maintenance Costs | | |
| 7 | Depreciation | | |
| 8 | Interest | | |
| 9 | Commercial Tax | | |
| 10 | Income Tax | | |
| 11 | Other | | |
| | Total | | |

15. Manpower

Form-M1(iv)

(Nos)

| Sr. No. | Particulars | As per Proposal | | As at end......... | |
|---|---|---|---|---|---|
| | | **Expatriate** | **Local** | **Expatriate** | **Local** |
| 1 | Management Personnel | | | | |
| 2 | Technical and Professional Personnel | | | | |
| 3 | Supervisory Staff | | | | |
| 4 | Office and Clerical Staff | | | | |
| 5 | Skilled and Semi-skilled Workers | | | | |
| 6 | Unskilled Workers | | | | |
| | Total | | | | |

16. Remuneration, Wages and Salaries

(US$/Kyat in thousand)

| Sr. No. | Particulars | 20 to 20 | | 20 to 20 | |
|---|---|---|---|---|---|
| | | **Expatriate** | **Local** | **Expatriate** | **Local** |
| 1 | Board of Directors | | | | |
| 2 | Management Personnel | | | | |
| 3 | Technical And Professional Personnel | | | | |
| 4 | Supervisory Staff | | | | |
| 5 | Office and Clerical Staff | | | | |
| 6 | Skilled and Semi-skilled Workers | | | | |
| 7 | Unskilled Workers | | | | |
| | Total | | | | |

17. Financial Position

Form-M1(v)

(Value in thousand)

| **Sr. No.** | | **Particulars** | **20..../20.... (Provisional)** | **20..../20.... (Actual)** | **20..../20.... (Estimate)** |
|---|---|---|---|---|---|
| 1 | | Income | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 2 | | Expenditure | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 3 | | Net Profit before tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 4 | | Commercial Tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 5 | | Income Tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 6 | | Net Profit/Loss after tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| | | Total | | | |

Form-M2(i)

**Performance Report for the Fiscal Year**

**20 to 20**

**Oil & Gas/Mining/Power**

| Serial No. | Particulars | As per Performance |
|---|---|---|
| 1 | Name of Enterprise | |
| 2 | Foreign Investment permit No. & Date | |
| 3 | Date of signing of the contract | |
| 4 | Date of Incorporation | |
| 5 | Date of Approval of other Government Agencies | |
| 6 | Amount of Signature Bonus | |
| 7 | Amount of performance Bank Guarantee/ Security Deposit | |
| 8 | Progress in Exploration, Feasibility Study etc., | |
| 9 | Date of Commencement of Operation | |

10. Equity Capital Contribution

Form-M2(ii)

(Value in thousand)

| **Sr. No.** | | **Particulars** | **As Per Proposal** | | | **20....-20....** | | | **As per performance** | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | **Foreign Equity** | | **Local Kyat** | **Foreign Equity** | | **Local Kyat** | **Foreign Equity** | | **Local Kyat** |
| | | | **US$** | **Eq.Kyat** | | **US$** | **Eq.Kyat** | | **US$** | **Eq.Kyat** | |
| 1 | | Authorised Capital | | | | | | | | | |
| 2 | | Paid-up Capital | | | | | | | | | |
| | 1 | Cash | | | | | | | | | |
| | 2 | Machinery and Equipment | | | | | | | | | |
| | 3 | Raw Materials | | | | | | | | | |
| | 4 | Others | | | | | | | | | |

Note- specify according to each phase of project.

- Performance as at end .................. 20 ......

11. Loan

(Value in thousand)

| **Sr. No.** | | **Particulars** | **Loan to be acquired as per proposal** | **Loan acquired up to end.......** | **Debt payment up to end....*** |
|---|---|---|---|---|---|
| 1 | | Foreign | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |
| 2 | | Domestic | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |

* To specify yearly payment separately.

12. Exploration, Operation and Production

Form-M2(iii)

| Sr. No. | | Particulars | A/U | 20 -20 | 20 -20 |
|---|---|---|---|---|---|
| 1 | | Oil & Gas | | | |
| | 1 | Geological Studies and Seismic Acquistion | | | |
| | 2 | Drilling | | | |
| | 3 | Production | | | |
| 2 | | Mining | | | |
| | 1 | | | | |
| 3 | | Power | | | |
| | 1 | | | | |

13. Summary of Expenditure

(Value in thousand)

| Sr. No. | | Particulars | 20 / 20 | | 20 / 20 | |
|---|---|---|---|---|---|---|
| | | | US$ | Kyat | | |
| 1 | | Oil & Gas | | | | |
| | 1 | Seismic Acquistion & Processing | | | | |
| | 2 | Geological & Geophysical Studies | | | | |
| | 3 | General & Administration | | | | |
| | 4 | Overhead Allocation | | | | |
| | 5 | | | | | |
| 2 | | Mining | | | | |
| | 1 | | | | | |
| 3 | | Power | | | | |
| | 1 | | | | | |

14. Manpower

Form-M2(iv)

(Nos)

| Sr. No. | Particulars | As per Proposal | | As at end | |
|---|---|---|---|---|---|
| | | Expatriate | Local | Expatriate | Local |
| 1 | Management Personnel | | | | |
| 2 | Technical and Professional Personnel | | | | |
| 3 | Supervisory Staff | | | | |
| 4 | Office and Clerical Staff | | | | |
| 5 | Skilled and Semi-skilled Workers | | | | |
| 6 | Unskilled Workers | | | | |
| | Total | | | | |

15. Remuneration, Wages and Salaries

(US$/Kyat in thousand)

| Sr. No. | Particulars | 20 to 20 | | 20 to 20 | |
|---|---|---|---|---|---|
| | | Expatriate | Local | Expatriate | Local |
| 1 | Board of Directors | | | | |
| 2 | Management Personnel | | | | |
| 3 | Technical And Professional Personnel | | | | |
| 4 | Supervisory Staff | | | | |
| 5 | Office and Clerical Staff | | | | |
| 6 | Skilled and Semi-skilled Workers | | | | |
| 7 | Unskilled Workers | | | | |

16. Financial Position

Form-M2(v)

(Value in thousand)

| Sr. No. | | Particulars | 20..../20.... (Provisional) | 20..../20.... (Actual) | 20..../20.... (Estimate) |
|---|---|---|---|---|---|
| 1 | | Income | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 2 | | Expenditure | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 3 | | Net Profit before tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 4 | | Commercial Tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 5 | | Income Tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 6 | | Net Profit/Loss after tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |

Form-M3(i)

**Performance Report for the Fiscal Year**

**20 to 20**

**Hotel and Tourism / Real Estate/Industrial Estate**

| Serial No. | Particulars | As per Performance |
|---|---|---|
| 1 | Name of Enterprise | |
| 2 | Foreign Investment permit No. & Date<br>- Type of Business | |
| 3 | Date of signing of the contract<br>- JV Agreement<br>- B.O.T Agreement<br>- Lease Agreement<br>- Others | |
| 4 | Date of Incorporation | |
| 5 | Date of Approval of other Government Agencies | |
| 6 | Amount of Signature Bonus/ Land Use Premium Payment, Annual Land Rental Payment etc and the Date of payment for each installment | |
| 7 | Amount of Performance Bank Guarantee & the Date of Issue / Payment | |
| 8 | Date of Ground Breaking, Construction, Renovation etc. | |
| 9 | Progress in Construction, Renovation etc., | |
| 10 | Date of Commencement of Operation | |

Note

To specify:

- Others where necessary.

To note:

(1) To state the reason-should implementation is not effected according to the terms conditions specified in the agreement and to the schedule in the proposal.

(2) To specify any activity other than those stated above.

11. Equity Capital Contribution

Form-M3(ii)

(Value in thousand)

| Sr. No. | | Particulars | As Per Proposal | | | 2012-2013 | | | As per performance | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | Foreign Equity | | Local Kyat | Foreign Equity | | Local Kyat | Foreign Equity | | Local Kyat |
| | | | US$ | Eq.Kyat | | US$ | Eq.Kyat | | US$ | Eq.Kyat | |
| 1 | | Authorised Capital | | | | | | | | | |
| 2 | | Paid-up Capital | | | | | | | | | |
| | 1 | Cash | | | | | | | | | |
| | 2 | Machinery and Equipment | | | | | | | | | |
| | 3 | Raw Materials | | | | | | | | | |
| | 4 | Others | | | | | | | | | |

Note- specify according to each phase of project.

- Performance as at end .................. 20 ......

12. Loan

(Value in thousand)

| Sr. No. | | Particulars | Loan to be acquired as per proposal | Loan acquired up to end | Debt payment up to end....* |
|---|---|---|---|---|---|
| 1 | | Foreign | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |
| 2 | | Domestic | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |

* To specify yearly payment separately.

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် ( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

အမှတ် ၁၆၈/၂၀၁၂။ ။ အောက်ဖော်ပြပါ အမှုထမ်းများအား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ယှဉ်တွဲဖော်ပြပါ အရာထမ်းများအဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | အ/၇၂၄၀၈ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်အထည်ချုပ်စက်ရုံ | ဦးညွန့်အောင် | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၂) | အ/၇၂၅၄၅ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်အထည်ချုပ်စက်ရုံ | ဦးကျော်ဝင်း | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၃) | အ/၇၄၀၁၁ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်သားရေစက်ရုံ | ဦးတင်သိန်း | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၄) | အ/၇၄၀၂၈ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) | ဒေါ်ခင်မာအေး | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၅) | အ/၇၈၁၅၈ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်ဘောလုံးစက်ရုံ | ဒေါ်သီသီအေး | အလုပ်ရုံခွဲမှူး (စီမံရေး) |

| | | | |
|---|---|---|---|
| (၆) | အ/၇၈၂၂၂ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်သားရေစက်ရုံ | ဒေါ်တင်မာနီ | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၇) | အ/၇၉၄၄၆ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်အေးအေးလင်း | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၈) | အ/၇၉၄၇၅ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်သဘော်ဆေးစက်ရုံ | ဦးအုန်းကြိုင် | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၉) | အ/၇၉၄၉၅ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ငွေးရီ | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၁၀) | အ/၈၀၈၈၄ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်သားရေစက်ရုံ | ဒေါ်သီတာဝင်း | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၁၁) | အ/၉၀၇၈၈ အလုပ်ရုံစုမှူး (စီမံရေး) တပ်မတော်သတ္တုပစ္စည်းစက်ရုံ | ဒေါ်ဇင်မင်းသူ | အလုပ်ရုံခွဲမှူး (စီမံရေး) |
| (၁၂) | အ/၇၅၄၀၃ အလုပ်ရုံစုမှူး (ဘဏ္ဍာရေး) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) | ဒေါ်တင်တင်လှ | အလုပ်ရုံခွဲမှူး (ဘဏ္ဍာရေး) |
| (၁၃) | အ/၇၇၂၇၃ အလုပ်ရုံစုမှူး (ဘဏ္ဍာရေး) တပ်မတော်ဘောလုံးစက်ရုံ | ဒေါ်ခင်စန်းနု | အလုပ်ရုံခွဲမှူး (ဘဏ္ဍာရေး) |
| (၁၄) | အ/၈၁၄၀၃ အလုပ်ရုံစုမှူး (ဘဏ္ဍာရေး) တပ်မတော်သဘော်ဆေးစက်ရုံ | ဦးမျိုးဝင်းညွန့် | အလုပ်ရုံခွဲမှူး (ဘဏ္ဍာရေး) |
| (၁၅) | အ/၈၂၃၄၈ အလုပ်ရုံစုမှူး (ဘဏ္ဍာရေး) တပ်မတော်ဘောလုံးစက်ရုံ | ဒေါ်အေးအေးသန်း | အလုပ်ရုံခွဲမှူး (ဘဏ္ဍာရေး) |
| (၁၆) | အ/၇၁၅၉၅ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဖိနပ်စက်ရုံ | ဦးအောင်ဆန်းဦး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၁၇) | အ/၇၃၅၄၂ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်နွယ်နီဝင်း | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၁၈) | အ/၇၈၀၀၁ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်အထည်ချုပ်စက်ရုံ | ဒေါ်ခင်ခင်ရီ | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၁၉) | အ/၈၂၆၀၀ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ခင်စန်းထွေး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၀) | အ/၈၆၉၁၀ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်နုနုလွင် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၁) | အ/၈၆၉၁၃ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်လှလှနု | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |

| | | | |
|---|---|---|---|
| (၂၂) | အ/၈၆၉၉၆ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်ယဉ်ယဉ်လှ | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၃) | အ/၈၆၉၉၇ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်မြင့်မာဦး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၄) | အ/၈၈၆၃၁ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်မီမီအေး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၅) | အ/၈၉၃၈၂ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်သိမ့်သိမ့်လင်း | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၆) | အ/၈၉၆၄၄ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ဆေးဝါးစက်ရုံ | ဦးထွန်းထွန်းဦး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၇) | အ/၉၀၀၀၂ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ဖြူဖြူစင် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၈) | အ/၉၂၀၂၂ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်လဲ့လဲ့မော် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၂၉) | အ/၉၂၀၂၃ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ယဉ်မင်းအေး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၃၀) | အ/၉၂၀၂၆ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ဇာဇာကျော် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၃၁) | အ/၉၂၁၄၀ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်သတ္တုပစ္စည်းစက်ရုံ | ဦးတင်မောင်နိုင် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၃၂) | အ/၉၆၁၃၁ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ချိုချိုလွင် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၃၃) | အ/၁၀၅၄၄၂ အလုပ်ရုံစုမှူး (ကုန်ထုတ်) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ဝတ်ရည်တိုး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) |
| (၃၄) | အ/၇၇၃၃၅ ခေတ်ခွဲကျွမ်းကျင် (၁) (အရည်အသွေး) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်အေးအေးထွန်း | အလုပ်ရုံခွဲမှူး (အရည်အသွေး) |

| | | | |
|---|---|---|---|
| (၃၅) | အ/၈၃၀၄၆ အလုပ်ရုံစုမှူး (အရည်အသွေး) တပ်မတော်သားရေစက်ရုံ | ဒေါ်ချိုချိုစန်း | အလုပ်ရုံခွဲမှူး (အရည်အသွေး) |
| (၃၆) | အ/၈၆၉၁၄ ဓာတ်ခွဲကျွမ်းကျင် (၁) (အရည်အသွေး) တပ်မတော်ဆေးဝါးစက်ရုံ | ဒေါ်မျိုးသီတာထွန်း | အလုပ်ရုံခွဲမှူး (အရည်အသွေး) |
| (၃၇) | အ/၈၇၀၆၅ အလုပ်ရုံစုမှူး (ပြင်ထိန်း) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (မိတ္ထီလာ) | ဦးမြသိန်းထွန်း | အလုပ်ရုံခွဲမှူး (ပြင်ထိန်း) |
| (၃၈) | အ/၈၇၆၅၄ အလုပ်ရုံစုမှူး (ပြင်ထိန်း) တပ်မတော်အထည်ချုပ်စက်ရုံ | ဒေါ်စန္ဒာရွှေ | အလုပ်ရုံခွဲမှူး (ပြင်ထိန်း) |
| (၃၉) | အ/၁၀၅၆၂၃ အလုပ်ရုံစုမှူး (ပြင်ထိန်း) တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) | ဒေါ်ဖြူဖြူသင်း | အလုပ်ရုံခွဲမှူး (ပြင်ထိန်း) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )

အမှတ် ၁၆၉/၂၀၁၂။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | မြင့်ဆွေ | ကြည်း ၆၅၅၆၆ |
| (၂) | ဝင်းခိုင် | ကြည်း ၆၅၅၆၇ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

အမှတ် ၈/၂၀၁၃။ ။ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရဆရာဝန် (အမျိုးသမီး) အမှတ်စဉ် (၁) သင်တန်းတွင် တက်ရောက်အောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ဆေးဝန်ထမ်းတပ်ဖွဲ့တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | |
|---|---|---|
| (၁) | ဒေါ်ပုလဲဖြူစင်ထွန်း | ကြည်း ၆၅၅၇၄ |
| (၂) | ဒေါ်ခိုင်ဇင်ဝင်း | ကြည်း ၆၅၅၇၅ |
| (၃) | ဒေါ်ဖြိုးသီရိအောင် | ကြည်း ၆၅၅၇၆ |
| (၄) | ဒေါ်စုရည်ဖြိုးဇော် | ကြည်း ၆၅၅၇၇ |
| (၅) | ဒေါ်အိဖြူကြည် | ကြည်း ၆၅၅၇၈ |

| | | | |
|---|---|---|---|
| (၆) | ဒေါ်သဲဖြူဌေး | ကြည်း | ၆၅၅၇၉ |
| (၇) | ဒေါ်တင်လေးနွယ် | ကြည်း | ၆၅၅၈၀ |
| (၈) | ဒေါ်မော်မော်အောင် | ကြည်း | ၆၅၅၈၁ |
| (၉) | ဒေါ်နန်းဟေမာဝေညို | ကြည်း | ၆၅၅၈၂ |
| (၁၀) | ဒေါ်သန္တာထွန်း | ကြည်း | ၆၅၅၈၃ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

အမှတ် ၉/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၆) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | မိုးမြင့် | ကြည်း | ၆၅၅၆၈ | (၁-၁-၂၀၁၃) |
| (၂) | ထွန်းမြင့် | ကြည်း | ၆၅၅၆၉ | (၇-၁-၂၀၁၃) |
| (၃) | ကျော်ရွှေ | ကြည်း | ၆၅၅၇၀ | (၈-၁-၂၀၁၃) |
| (၄) | ခင်ဝင်း | ကြည်း | ၆၅၅၇၁ | (၁၄-၁-၂၀၁၃) |
| (၅) | တင်မောင်ဇင် | ကြည်း | ၆၅၅၇၂ | (၁၅-၁-၂၀၁၃) |
| (၆) | ဘညိမ်း | ကြည်း | ၆၅၅၇၃ | (၂၄-၁-၂၀၁၃) |
| (၇) | ထွန်းမြင့် | ကြည်း | ၆၅၅၈၄ | (၂၄-၁-၂၀၁၃) |
| (၈) | ကျော်ဝေ | ကြည်း | ၆၅၅၈၅ | (၂၄-၁-၂၀၁၃) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )

အမှတ် ၂၅၉ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရရှိသည့် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်ခင်လေးမြင့် (၅၃၄၃) | ပဲခူးတိုင်းဒေသကြီး | စစ်ဆေးရေး (၁) |
| ၂။ | ဒေါ်သက်သက်မွန် (၄၂၁၆) | ပျဉ်းမနား | စစ်ဆေးရေး (၄) |
| ၃။ | ဒေါ်ဝင်းကြည် (၂၄၁၀) | ဖျာပုံ | စစ်ဆေးရေး (၆) |

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

အမှတ် ၂၆၃ ။ ။ စလင်းမြို့နယ်စာရင်းစစ်အရာရှိ ဒေါ်ခင်မာကြည် (၃၆၉၈) အား တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး (ရုံးအဖွဲ့) တွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၁၂၀,၀၀ဝ-၂,၀၀ဝ-၁၃၀,၀၀ဝ) ရရှိသည့် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် )

အမှတ် ၂၈၈ ။ ။ အောက်ဖော်ပြပါ မြို့နယ်စာရင်းစစ်အရာရှိများအား မိမိတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၁၂၀,၀၀ဝ-၂,၀၀ဝ-၁၃၀,၀၀ဝ) ရရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး/ခရိုင်စာရင်းစစ်အရာရှိအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်မာမာအေး (၄၆၉၈) | မင်းဘူး | မော်လိုက်ခရိုင် |
| ၂။ | ဒေါ်လှလှမြင့် (၃၃၄၅) | သီပေါ | ရှမ်းပြည်နယ် |
| ၃။ | ဒေါ်တင်တင်အေး (၃၈၀၇) | ရေနံချောင်း | မိုင်းဖြတ်ခရိုင် |

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

အမှတ် ၂၉၀ ။ ။ ဂွမြို့နယ်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်တင်သိန်း (၃၆၂၄) အား သီပေါမြို့နယ်စာရင်းစစ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ မြို့နယ်စာရင်းစစ်အရာရှိ လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) အဖြစ် တိုးမြှင့်ခန့်အပ်လိုက်သည်။

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် )

အမှတ် ၂၉၉ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်မှူးများအား မိမိတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် မြို့နယ်စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ လစာနှုန်း (၁၀၀,၀၀ဝ-၂,၀၀ဝ-၁၁၀,၀၀ဝ) ရရှိသည့် မြို့နယ်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်ခင်မိမိအေး (၄၀၃၃) | ဒဂုံမြို့သစ် (မြောက်ပိုင်း) | မိုးကောင်း |
| ၂။ | ဒေါ်အေးအေးမူ (ခ) ဒေါ်အေးအေးခိုင် (၄၇၈၃) | မန္တလေးတိုင်းဒေသကြီး | ဘုတလင် |
| ၃။ | ဒေါ်လှ (၄၂၂၂) | တောင်ငူ | ပေါက် |

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် ) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ကျော်မြင့် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်**
**(KYAW MYINT INDUSTRY COMPANY LIMITED.) အား**
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**"ကျော်မြင့် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်" (KYAW MYINT INDUSTRY COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ မေလ (၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ

**(Shwe Linn Pan Manufacturing Co., Ltd) အား**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**Shwe Linn Pan Manufacturing Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို (၅-၅-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကျော်ညွန့်
[B.A, D.S, C.P.A (R.A)]
အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း**

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **Treasure World Mining Co., Ltd** အား (၂-၄-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ဦးကျော်ညွန့် မှတ်ပုံတင်စာရင်းကိုင်အမှတ် (၁၅၆) အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့်ပေးရန်ရှိသည်များကို အစုရှယ်ယာရှင်များမှ သတ်မှတ်ထားသော (၅-၅-၂၀၁၃) ရက်ထက်နောက်မကျစေဘဲ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး
မန်နေးဂျင်းဒါရိုက်တာ

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၅-၄-၂၀၁၃။